# "ဟန်ယူချောင် Chinese bridge" နိုင်ငံတကာအလယ်တန်းကျောင်းသားကျောင်းသူတရုတ်ဘာသာစကားပြိုင်ပွဲကူမင်းတွင်ကျင်းပ

အောက်တိုဘာလ (၁၈) ရက်နေ့မှ (၂၉) ရက်နေ့တွင် (၉) ကြိမ်မြောက် "ဟန်ယူချောင် Chinese bridge" နိုင်ငံတကာ အလယ်တန်းကျောင်းသားကျောင်းသူ တရုတ်ဘာသာစကားပြိုင်ပွဲ ကူမင်းတွင် ကျင်းပခဲ့သည်။ (၈၉) နိုင်ငံစကာတင်ပြိုင်ပွဲ (၁၀၈)ပွဲမှ (၄၄၉) ဦးသော ကျောင်းသားဆရာများ (ခေါင်းဆောင်ဆရာ (၁၀၅)ဦး၊ ပါဝင်ယှဉ်ပြိုင်သူ(၁၇၉)ဦး၊ ကြည့်ရှုသူအဖွဲ့သား ၁၆၅ ဦး) သည် တရုတ်နိုင်ငံသို့ လာရောက်ပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်လာကြသည်။ ယခင်က ကျင်းပခဲ့သော "ဟန်ယူချောင် Chinese bridge" နိုင်ငံတကာ အလယ်တန်းကျောင်းသားကျောင်းသူ တရုတ်ဘာသာစကားပြိုင်ပွဲသို့ပါဝင်ယှဉ်ပြိုင်နိုင်ငံအများဆုံးသော၊ ပါဝင်ယှဉ်ပြိုင်သူအများဆုံးသောအကြိမ်ဖြစ်သည်။

မိတ်ဆက်ခြင်းအရ သိရသည်မှာ အဆိုပါအစီအစဉ်၏ ခေါင်းစဉ်သည် "တရုတ်ဘာသာစကား သင်ယူဆည်းပူး၊ မိတ်ဆွေသူငယ်ချင်းတိုးပွား"တရုတ်ယဉ်ကျေးမှုကို ပြန့်ပွားစေခြင်း၊ ဟန်ဘာသာစကား၏ဆွဲဆောင်မှုကို ထင်ပေါ်စေခြင်း၊ ပြန့်ပွားစေခြင်းနှင့် ချစ်ကြည်ရင်းနှီးစေခြင်းများရစေရန် ရည်ရွယ်ထားပါသည်။ ၎င်းသည်လည်း "ဟန်ယူချောင် Chinese bridge" နိုင်ငံတကာ အလယ်တန်း ကျောင်းသားကျောင်းသူ တရုတ်ဘာသာစကားပြိုင်ပွဲ (၅) ကြိမ်ဆက်တိုက်ယူနန်ပြည်နယ်တွင် ကျင်းပခြင်းဖြစ်သည်။

ယခုအကြိမ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်သူ၏ဟန့်ဘာသာစကား စကားပြောအရည်အချင်း၊ တရုတ်ယဉ်ကျေးမှု ဗဟုသုတများ၊ ဘာသာစကားပြောဆိုနိုင်မှုစွမ်းအား၊ အနုပညာနှင့်သင်ယူနိုင်မှုစွမ်းအားများကို အလေးထားစစ်ဆေးခြင်းဖြစ်သည်။ အထွေထွေရမှတ်ဖြင့် ပုဂ္ဂိုလ်ဆုမျိုးစုံနှင့် အဖွဲ့လိုက်ဆုများစွာ ပေါ်ထွက်လာပါမည်။ အနိုင်ရရှိသူသည် ကွန်ဖြူးရှပ်ကျောင်းဌာနချုပ်၊ နိုင်ငံတော်တရုတ်ဘာသာနိုင်ငံတကာပြန့်ပွားရေးဦးစီးဌာန(ဟန့်ပန့်)မှပံ့ပိုးပေးသော တရုတ်နိုင်ငံသို့ ပညာတော်သင်ဆု စသည့်ဆုလာဒ်များစွာရှိပါသည်။

ပြိုင်ပွဲကျင်းပနေချိန်ကာလအတွင်းတွင် ပါဝင်ယှဉ်ပြိုင်သူများသည် "ကျောင်းအတွင်းသို့ ဝင်ရောက်ခြင်း၊ စာသင်ခန်းအတွင်းသို့ ဝင်ရောက်ခြင်း၊ မိသားစုအတွင်းသို့ ဝင်ရောက်ခြင်း၊ လူမှုရေးပတ်ဝန်းကျင်သို့ ဝင်ရောက်ခြင်း" ယဉ်ကျေးမှုဖလှယ်ခြင်း ခံစားမှုအစီအစဉ်တွင် ပါဝင်ခဲ့ကြသည်။ ကူမင်းမြို့၊ ဟုန်ဟော်စသည်ဒေသများသို့ သွားရောက်လည်ပတ်ကြသည်။ တရုတ်နိုင်ငံ၏ ရှေးဟောင်းသမိုင်း ယဉ်ကျေးမှုများ၊ တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံများကို ခံစားကြသည်။

(၁၅)နှစ်အရွယ် အမေရိကန်နိုင်ငံသားကိုယ်စားလှယ် အန်စူရက ထိုကဲ့သို့ပြောသည်။ ယင်းအကြိမ်သည် သူ၏ တတိယအကြိမ် တရုတ်နိုင်ငံသို့ ရောက်ရှိခြင်းဖြစ်သည်။ ယခင်နှစ်ကြိမ်က ပေကျင်းမြို့၊ ရှန်ဟဲမြို့သို့ ရောက်ဖူးသည်။ ၎င်းမြို့များနှင့်မတူသည်မှာ "ကူမင်း၏လေသည် အလွန်ရှုရှိုက်လို့ ကောင်းပါတယ်။ အပူချိန်သက်တောင့်သက်သာရှိတယ်။ ပြိုင်ပွဲကျင်းပနေသည့်ရက်ပိုင်းအတွင်းတွင် ကူမင်းစကားလေး လေ့လာသင်ယူထားမှုဖြစ်မယ်။" (၉)နှစ်ကြာ ဟန့်ဘာသာစကား လေ့လာသင်ယူနေချိန်အတွင်းတွင် အန်စုရသည်လည်း တရုတ်စာပေများစွာ လေ့လာဖတ်ရှုဖူးပါသည်။ "တရုတ်နိုင်ငံသည် ရှည်ကြာသောသမိုင်းရှိသည်။ အရှေ့ယဉ်ကျေးမှု၏ သီးသန့်နေထိုင်ခြင်း ထူးခြားမှုရှိသည်။ ဟန့်ဘာသာစကားလေ့လာသင်ယူခြင်းဖြင့် တရုတ်နိုင်ငံသမိုင်းကို လေ့လာနိုင်ခွင့်ရှိခြင်းသည် အလွန်အဓိပ္ပာယ်ရှိသည့် ကိစ္စရပ်ကြီးပင်ဖြစ်ပေသည်။



မြန်မာနိုင်ငံ ရန်ကုန်မြို့မှ ရန်ကျီဟန်သည် ကွန်ဖြူးရှပ်ကျောင်းမှကျောင်းသူတစ်ဦးဖြစ်သည်။ ဆရာ၊ ဆရာမများ၏ ထောက်ပံ့မှုနှင့် အိမ်သူအိမ်သားများ၏ အားပေးမှုကြောင့် ပထမအကြိမ် ဟန်ယူချောင် Chinese bridge သို့ တက်ရောက်ခြင်းဖြစ်သည်။ (၃)နှစ်ကတည်းကမိဘနှင့်အတူ ကူမင်းမြို့သို့ ခရီးသွားလည်ပတ်ပြီးနောက် သူမသည် သူမ၏ဖခင်၏ ထောက်ပံ့သင်ကြားမှုအောက်တွင် ဟန့်ဘာသာစကားကိုလေ့လာသင်ယူဆည်းပူးခဲ့သည်။ ဟန်ယူချောင် Chinese bridge၏ ဆန်ကာတင်ပြိုင်ပွဲကာလအချိန်အတွင်းတွင် ရန်ကျီဟန်သည် သူငယ်ချင်းများစွာနှင့်သိကျွမ်းခဲ့ရသည်။ ပေကျင်းမြို့ကိုလည်း လည်ပတ်ခဲ့ပါသည်။ ရန်ကျီဟန်သည် ဂရိတ်ဝေါလ်ကိုကြိုက်နှစ်သက်ပါသည်။ မိမိကိုယ်မိမိ မိန်းမသူရဲကောင်းဟု ပြောသည်။ "ဂရိတ်ဝေါလ်သို့မရောက်ဖူးရင် သူရဲကောင်းမဟုတ်ပေ။" အဆိုရှိသောကြောင့်ဖြစ်၏။ ဟန့်ဘာသာစကားသင်ကြားသည့် (၁၃)နှစ်တာအချိန်ကာလအတွင်းတွင် သူမသည် သူမ၏ စကားသံမပီသမှု၊ စာလုံးမဖတ်တတ်မှုများကို ထိန်းပြင်နိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် ရန်ကျီဟန်သည် နိုင်ငံတကာယှဉ်ပြိုင်သူများနှင့် ဖလှယ်ခြင်းများ ပြုလုပ်နိုင်ရန် မျှော်လင့်ထားပါသည်။ ယှဉ်ပြိုင်ရင်းတိုးတက်ရင်းကိုဖြစ်စေပါသည်။

အင်ဒိုနီးရှားနိုင်ငံဂျာဗားပြည်နယ်မှရှုရီစိန်သည် ယခုလက်ရှိတွင် ၎င်းဒေသ၏ ဝမ်လုံခရစ်ယန်ကျောင်းတွင် ပညာသင်ကြားနေသည်။ အထက်တန်းတတိယတန်းကျောင်းသားဖြစ်သည်။ မျက်နှာကြည့်လျှင် ရှက်ကိုးရှက်ကန်းဖြစ်နေသော်လည်း သူသည် "ဟန့်ဘာသာစကားကျွမ်းကျင်သူ"တစ်ဦး ဖြစ်နေပါသည်။ သူ၏အဘိုးအဖွားသည် တရုတ်နိုင်ငံကွမ်တုံမေကျုံသား၊ မေကျုံသူအသီးသီးဖြစ်ကြသည်။ အိမ်ထောင်စုအတွင်း အခြေအနေကြောင့် သူသည် ငယ်စဉ်အခါကတည်းက ဟန့်ဘာသာစကားကိုလေ့လာခဲ့ပြီး တစ်နေ့တစ်ချိန် တရုတ်နိုင်ငံသို့ ကိုယ်တိုင်သွားနိုင်ပြီး တရုတ်ထုံးတန်းစဉ်လာ ဓလေ့များကို လေ့လာနိုင်ရန်မျှော်လင့်နေသူဖြစ်သည်။

ရှုရီစိန်၏နားဘေးတွင် မတ်တပ်ရပ်နေသောသူသည် ဟန့်ဘာသာစကား ဆန်ကာတင်ပြိုင်ပွဲတွင်သူနှင့်ရေစက်ဆုံခဲ့သောမိတ်ဆွေ၊ ဆရာလည်းဟုတ်ပါသည်။ သူတို့တတွေသည် အတူတကွ တရုတ်နိုင်ငံသို့လာရောက်ပြီး "ဟန်ယူချောင် Chinese bridge"တွင် ယှဉ်ပြိုင်ပါဝင်ကာ မိမိ၏ တရုတ်အိပ်မက်ကလေးများကို ဆက်လက်အကောင်အထည်ဖော် ဆောင်နေကြသည်။ အဆိုပါ အင်ဒိုနီးရှားဆရာသည် သတင်းထောက်အား ထိုကဲ့သို့ပြောပြသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ဟန်ဘာသာစကား သင်ယူလိုသူများသည် ပိုမိုများပြားလာလေ့ရှိသည်။ ယခုနှစ်တွင် HSK,BCT စသည့် ဟန့်ဘာသာစကားအရည်အချင်း စစ်စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုသူဦးရေသည် (၁. ၄)သောင်းကျော်ရှိပါသည်။ တရုတ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံနှစ်နိုင်ငံအကြား ကူးသန်းရောင်းဝယ်ရေး ပိုမိုများပြားလာသည်နှင့်အမျိုးမျိုးစုံသော တရုတ်လုပ်ငန်းနှင့် ဘဏ်များသည် အင်ဒိုနီးရှားနိုင်ငံတွင် လျင်မြန်စွာတိုးတက်ဖွံ့ဖြိုးလျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံ၏ တရုတ်ဘာသာစကားတတ်ကျွမ်းသူလိုအပ်မှုသည်လည်း အဆက်မပြတ်တိုးမြင့်လာသည်။ ထိုကဲ့သို့ဖြစ်ခြင်းကြောင့် "ဟန့်ဘာသာစကားလေ့လာသင်ယူလိုစိတ်"သည် ဆက်လက်တိုးမြင့်နေဆဲဖြစ်သည်။

အထွေထွေသတင်း




# တိုက်(၅)ခုမှ တရုတ်ပြည်ပကျောင်းသားကျောင်းသူပျော်ရွှင်ပွဲဆင်နွှဲ "ဟန်ယူချောင် Chinese bridge" ယူနန် နော်မန်တက္ကသိုလ်ဖူကျုံချိန်ကုန်ကျောင်း ခွဲသို့ရောက်ရှိ

အောက်တိုဘာလ (၂၃)ရက်နေ့နံနက်ခင်းပိုင်းတွင် "ဟန်ယူချောင် Chinese bridge" ကူမင်းယှဉ်ပြိုင်သူများသည် ယူနန်နော်မန်တက္ကသိုလ် ဖူကျုံချိန်ကုန်ကျောင်းခွဲသို့ ရောက်ရှိလာကြပြီး မမေ့နိုင်သော တရုတ်ကြုံဟွာယဉ်ကျေးမှုခရီးစဉ်တွင် ပါဝင်ခဲ့ကြသည်။

စာသင်ခန်းတွင်း လှုပ်ရှားမှုအစီအစဉ်တွင် ယှဉ်ပြိုင်သူများသည် ဟန့်ဘာသာ စာလုံးပြောင်းလဲမှုဖြစ်စဉ်နှင့်ဖွဲ့စည်းပုံလေ့လာခြင်း၊ စုပ်တံစာလုံးရေးလေ့လာခြင်း စသည့်အစီအစဉ်များတွင် ပါဝင်ခဲ့ကြသည်။ စာသင်ခန်းပြင်ပလှုပ်ရှားမှုအစီအစဉ်တွင် "ဟော့ရွှမ်ကျာ" hip-hopအက ကပြတင်ဆက်ခြင်းနှင့် ရီတိုင်းရင်းသားအက "လမင်းကိုအော်ခေါ်ခြင်း" အစီအစဉ်ကောင်းများ တစ်ခုပြီးတစ်ခုတင်ဆက်သွားသည်။ တိုင်းရင်းသား"ဓလေ့ထူးခြားသောအကသည် နိုင်ငံခြားယှဉ်ပြိုင်သူများ၏ လက်ခုပ်အားပေးသံများကို ရရှိနိုင်ခဲ့သည်။

ကျမ်ရော့ဂူ စုဝံ